# ဂလိုဘယ်ဖန်း ရန်ပုံငွေရပ်ဆိုင်းမှုအပေါ် တုံ့ပြန်ဝေဖန်

NEJ

၂၃ ဩဂုတ် ၂၀၀၅ / ၁၇း၅၅

Photo: the mirror



ဒေါက်တာကျော်မြင့်

ဂလိုဘယ်ဖန်း၏ ရန်ပုံငွေရပ်ဆိုင်းရန် ဆုံးဖြတ်ချက်သည် မတရားအနိုင်ကျင့်သည့် လုပ်ရပ်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂလိုဘယ်ဖန်း ရန်ပုံငွေညှိနှိုင်းကြီးကြပ်ရေးအဖွဲ့က ပြစ်တင်ဝေဖန်လိုက်သည်။

စစ်အစိုးရက ကုလသမဂ္ဂ အကူအညီပေးရေးအဖွဲ့များကို ခရီးသွားလာခွင့်အပါအဝင် ချုပ်ချယ်ကန့်သတ်မှုများ ပြုလုပ်သောကြောင့် အေ့ဒ်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အကူအညီ အမေရိကန်ဒေါ်လာ (၉၈) သန်း ပေးအပ်မှုကို ဂလိုဘယ်ဖန်းက ရုပ်သိမ်းခဲ့သည်။

Photo: the mirror



မြန်မာနိုင်ငံ ဂလိုဘယ်ဖန်း
ရန်ပုံငွေညှိနှိုင်းကြီးကြပ်ရေးအဖွဲ့

ယင်းသို့ရုပ်သိမ်းခဲ့ခြင်းသည် မြန်မာပြည်သူလူထုနှင့် ဝေဒနာရှင် လူနာအများအပြားကို ထိခိုက်နစ်နာမည်ဖြစ်၍ လူသားအချင်းချင်း စာနာထောက်ထားမှုကင်းသည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ ထို့ပြင် ဂလိုဘယ်ဖန်းသည် ရန်ပုံငွေအပ်နှံရာတွင်လည်း မြန်မာအစိုးရနှင့် အဖွဲ့အစည်းများကိုမအပ်ဘဲ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ကိုသာ အပ်နှံခဲ့ကြောင်း မြန်မာနိုင်ငံ ဂလိုဘယ်ဖန်း ရန်ပုံငွေညှိနှိုင်းကြီးကြပ်ရေးအဖွဲ့၏ ဩဂုတ် (၁၉) ရက် ကြေညာချက်ကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြသည်။

သို့သော် မြန်မာနိုင်ငံတွင် ရောဂါများတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ရန်ပုံငွေအရင်းအမြစ် လျော့နည်းနေကြောင်း ဝန်ခံထားပြီး မြန်မာနိုင်ငံအပေါ် ရန်ပုံငွေရပ်ဆိုင်းမှုအား ပြန်လည်သုံးသပ်ရန် တိုက်တွန်းထားသည်။

ဂလိုဘယ်ဖန်းသည် သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ငွေထုတ်ပေးရာတွင် နှောင့်နှေးခဲ့ကြောင်း၊ ရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို ပိုမိုခက်ခဲစေခဲ့ပြီး ရန်ပုံငွေ၊ ဆေးဝါးနှင့် ပစ္စည်းကိရိယာများ ထောက်ပံ့ရာတွင်လည်း ကြန့်ကြာခဲ့ကြောင်း ပြစ်တင်ဝေဖန်ထား၏။

UNAIDS အဖွဲ့က ယမန်နှစ်ကထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူ (၁၇၀,၀၀၀) နှင့် (၆၂၀,၀၀၀) ကြားရှိသည်ဟု ခန့်မှန်းထားသည်။

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ဦးဆောင်သည့် မြန်မာနိုင်ငံ ဂလိုဘယ်ဖန်း ရန်ပုံငွေညှိနှိုင်းကြီးကြပ်ရေးအဖွဲ့တွင် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အန်ဂျီအိုအဖွဲ့များ ပါဝင်သည်။ ■